နောင်လိုင့်ကျေးရွာ
ပင်လုံအရှေ့ကျေးရွာအုပ်စု၊ လွိုင်လင်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

## ( ၂၀၂၅ - ၂၀၂၆ )




**ပြုစုရေးဆွဲသူ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
နောင်လိုင့်ကျေးရွာ၊ ပင်လုံအရှေ့ကျေးရွာအုပ်စု၊ လွိုင်လင်မြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ

မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | ၃ |
| | ကျေးရွာ သယံဇာတပြမြေပုံ၊ | ၅ |
| | ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ | ၆ |
| | ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများချိတ်ဆက်ပြမြေပုံ၊ | ၇ |
| အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ် | | |
| ၁။ | (၁) နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၈ |
| | (က)ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက် | ၈ |
| | (ခ) အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက်အသုံးဝင်မှု | ၈ |
| | (ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | ၉ |
| ၂။ | (၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ | ၁၀ |
| | (က) တည်နေရာနှင့် ပထဝီဝင်အနေအထား | ၁၀ |
| | (ခ) ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | ၁၀ |
| | (ဂ) လူဦးရေဆိုင်ရာ အချက်အလက်များ | ၁၁ |
| | (ဃ) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ | ၁၁ |
| ၃။ | (၃) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ | ၁၁ |
| | (က) သီးနှံစိုက်ပျိုးရေး | ၁၁ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၁၂ |

| | | |
|---|---|---|
| | (ဂ)  စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | ၁၂ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ | ၁၂ |
| ၄။ | (၄) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၁၃ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၁၃ |
| | (ခ) ကျေးရွာမီးလင်းရေး | ၁၃ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၃ |
| | (ဃ) ပညာရေး | ၁၃ |
| | (င) ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၄ |
| | (စ) ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၄ |
| | (ဆ) ကျား/မ ရေးရာကိစ္စရပ်ဆိုင်ရာ | ၁၅ |
| | (ဇ)ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး | ၁၅ |
| | (ဈ) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး | ၁၅ |
| | (ည) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ | ၁၆ |
| **အပိုင်း (ခ)  စီမံချက်ဆိုင်ရာ အချက်အလက်များ** | | |
| | စီမံချက် အဆိုပြုလွှာ (၁) | ၁၇-၁၉ |
| | နောက်ဆက်တွဲ | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်များ စာရင်း | ၂၀ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၂၁-၇၀ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၇၁-၇၂ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃-၂၀၂၄ ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ ခုဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုး ရေးဗျူဟာတည် ဆောက်မှုအခြေပြဇယားစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**ဖေဖော်ဝါရီလ၊ ၂၀၂၆**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ**
**နောင်လိုင့်ကျေးရွာ**
**ပင်လုံအရှေ့ကျေးရွာအုပ်စု၊ လွိုင်လင်မြို့နယ်**

## နောင်လိုင့်ကျေးရွာ၊ ကျေးရွာသယံဇာတပြမြေပုံ




ရည်ညွှန်း- နောင်လိုင့်ကျေးရွာ၊ လှိုင်လင်မြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။

(၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်)

## နောင်လိုင့်ကျေးရွာ၊ ရာသီခွင်ပြ ပြက္ခဒိန်



ရည်ညွှန်း- နောင်လိုင့်ကျေးရွာ၊ လွိုင်လင်မြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။

(၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်)

## နောင်လိုင့်ကျေးရွာ၊ အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ



ရည်ညွှန်း- နောင်လိုင့်ကျေးရွာ၊ လွိုင်လင်မြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။

(၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်)

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

## (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်နေသည့် အစီအစဉ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာ တွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်း အချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက် လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်း များလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြ ထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့် ပါသည်။

## (ခ)အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလား ချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော် တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များက ိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ် သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

**(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း နိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂)ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

### (က) တည်နေရာနှင့် ပထဝီဝင်အနေအထား

ဆင်တောင်ကျေးရွာသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ် အတွင်းတည်ရှိပြီး မြောက်လတ္တီတွဒ် ၂၀ဒီဂရီ ၃၉မိနစ်မှ ၂၀ဒီဂရီ ၅၀ မိနစ်နှင့် အရှေ့ လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၂၅မိနစ်မှ ၉၇ ဒီဂရီ ၅၅ မိနစ်အတွင်း တည်ရှိပါသည်။ ဆင်တောင် ကျေးရွာသည် ပင်လုံ-လဲချားကားလမ်းဘေးတွင် တည်ရှိပါသည်။ လွိုင်လင်မြို့မှ (၉)မိုင်ကွာဝေးပြီး၊ ပင်လုံနှင့် (၃)မိုင်အကွာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ(၄၂၇၄)ပေတွင် တည်ရှိ၍ မြေမျက်နှာသွင်ပြင်မှာ တောင်ကုန်းချိုင့်ဝှမ်း များပြားပါသည်။ မြေပြန့်လွင်ပြင်ဟူ၍ မရှိသလောက် ရှားပါးသည်။ ကျေးရွာတွင် ပအိုဝ်းလူမျိုးများ အများဆုံးနေထိုင်ကြပြီး ရှမ်းလူမျိုးများလည်း နေထိုင် ကြပါသည်။ လူနည်းစုအနေဖြင့် တရုတ်လူမျိုးနှင့် ပလောင်လူမျိုး (၁)အိမ်စီ၊ ယိင်းလူမျိုး (၃)အိမ် နေထိုင်လျက်ရှိပါသည်။

### (ခ) ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျွန်ုပ်တို့ကျေးရွာသည် အေးမြစွတ်စိုသောရာသီဥတုဖြစ်သည်။ လယ်ယာစိုက်ပျိုးရေး ကိုသာ အဓိကမှီခိုသော ကျေးရွာဖြစ်၍ လယ် (၆၉)ကေ၊ တောင်ယာ/ ယာ(၅၈၅)ကေ ၊စုစုပေါင်း (၆၅၄)ကေ ပိုင်ဆိုင်ကြပါသည်။ အဓိကစိုက်ပျိုးသီးနှံအနေဖြင့် ပြောင်း၊ ချင်း၊ စပါး၊ ပဲကတီပါတို့ကို စိုက်ပျိုးကြပါသည်။ တရုတ်ပဲ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ရုတ်သီး၊ ခရမ်းသီး၊ ကန်စွန်းဥ၊ မုန်ညင်း၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များအား မိသားစုစားသောက်နိုင်ရန်အတွက် တစ်နိုင် တစ်ပိုင်စိုက်ပျိုးကြသည်။ သောက်သုံးရေနှင့် စိုက်ပျိုးရေအနေဖြင့် ကျေးရွာသူ/သားများ အားလုံး ရေတွင်းနှင့် ရေကန်မှ အသုံးပြုကြပါသည်။ ကျေးရွာအနီးပတ်ဝန်းကျင်တွင် ကျောက်တောင်များ ရှိပြီး ကျေးရွာသူ/ သားများမှ ကျေးရွာအတွင်း အိမ်ဆောက်ရာတွင် အဆိုပါကျောက်တောင်များမှ ကျောက်ဖြင့် ဆောက်လုပ်ကြပါသည်။ ကျေးရွာတွင် သက်တမ်းကြာရှည်ပြီဖြစ်သော ထင်းရှူး တောရှိပြီး ယခုတွင် သစ်တောပြုန်းတီးမှုများရှိလာပြီး သဘာဝမျိုးစိတ်များအနေဖြင့် ယုန်၊ ဆတ်၊

တောဝက်၊ တောကြက်၊ တောကြောင်၊ ငှက်၊ ကျားသစ် စသဖြင့် မျိုးစိတ်အနည်းငယ်ကိုသာ တွေ့ရှိရပါသည်။ ကျေးရွာသူ/ သားများသည် ပွင့်လင်းရာသီတွင် ရံဖန်ရံခါ အမဲလိုက်ခြင်းလုပ်ငန်းကို လုပ်ကိုင်ကြသည်။

**(ဂ) လူဦးရေဆိုင်ရာ အချက်အလက်များ**

ကျေးရွာတွင်နေထိုင်သော အိမ်ထောင်စု(၆၉)စုရှိပြီး လူဦးရေပေါင်း(၃၅၃)ဦး ရှိပါသည်။ ပျှမ်းမျှ တစ်အိမ်ထောင်စုလျှင် (၄-၅)ဦး အထိရှိပြီး ပအိုဝ်းလူမျိုး အများစုနေထိုင်ကြပါသည်။ အသက်(၁၅)နှစ်မှ(၆၄)နှစ်အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ(၂၅၃)ဦးရှိပြီး မသန်မစွမ်း လူဦးရေမှာ (၅)ဦးသာရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သော အခြေအနေကောင်းများလည်းရှိပါသည်။ (၁၅)နှစ် အောက်လူဦးရေနှင့် အသက်(၆၅)နှစ်အထက် လူဦးရေစုစုပေါင်း(၁၀၀)သည် ပညာသင်ကြားနေသော ကလေးသူငယ်များနှင့် မိသားစုကို မှီခိုနေရသော အသက်ကြီးပိုင်းလူဦးရေများ ဖြစ်ကြပါသည်။

**(ဃ) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

ကျေးရွာတွင် ရပ်မိရပ်ဖအဖွဲ့၊ ဓမ္မစကြာအဖွဲ့၊ ကျေးရွာလူငယ်အဖွဲ့၊ ဂေါပကအဖွဲ့၊ ကျောင်းကော်မတီ၊ လမ်းကော်မတီအဖွဲ့၊ လမ်းကော်မတီအဖွဲ့များရှိသည်။ ကျေးရွာရှိလူငယ်အဖွဲ့ သည် ကျေးရွာ၏ သာရေး၊ နာရေး၊ ရွာတွင်းသန့်ရှင်းရေးကိစ္စရပ်များတွင် ဆောင်ရွက်ကြသည်။ ရပ်မိရပ်ဖအဖွဲ့သည် ကျေးရွာ၏ ဘာသာရေး၊ လူမှုရေး၊ စိုက်ပျိုးရေး၊ ဖွံ့ဖြိုးရေး၊ တည်ငြိမ် အေးချမ်းရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် ဦးဆောင်ကြသည်။ ပညာရေးဆိုင်ရာ ကိစ္စရပ်များ အတွက် (၂)ဦးပါဝင်သော ကျောင်းကော်မတီမှ ဦးဆောင်ကြသည်။

**(၃) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံစိုက်ပျိုးရေး**

ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ လယ်၊ တောင်ယာ/ယာ စုစုပေါင်းစိုက်ပျိုးမြေဧက (၆၅၄)ဧက ရှိပါသည်။ တစ်နှစ်ပတ်လုံး စိုက်ပျိုး ရေးလုပ်ငန်း လုပ်ကိုင်ရန် အဆင်ပြေမှုရှိပါသည်။ မိုးရာသီတွင်အဓိကစိုက်ပျိုးပါသည်။ နွေရာသီတွင် စိုက်ပျိုး လုပ်ကိုင်ရန်စိုက်ပျိုးရေ အခက်အခဲရှိပါသည်။ ကျေးရွာတွင်မြေဆီလွှာများ ပျက်စီးခြင်း၊ အထွက်နှုန်းနည်းခြင်းနှင့် တွေ့ကြုံနေရပါသည်။ ဓာတ်မြေဩဇာထည့်နည်း အချိုးအဆမမှန်ခြင်း၊ အလွန်အကျွံသုံးစွဲမိခြင်းတို့ကြောင့်ဖြစ်ပြီး စိုက်ပျိုးနည်းစနစ်ကောင်းများ၊ သဘာဝမြေကို ကောင်းမွန်လာအောင် ပြုပြင်နည်းစနစ်များ ဖြန့်ဝေပေးရန်လိုအပ်မှုရှိနေပါသည်။ ယခုနှစ်တွင် ထောပတ်စိုက်ပျိုးသော တောင်သူများအနေဖြင့် စိုက်ပျိုးချိန်တွင် အရင်းအနှီး ၊ လူအားများ

ရင်းနှီးထည့်ဝင်ကာ လုပ်ကိုင်ဆောင်ရွက်ရသော်လည်း သီးနှံထွက်ချိန်တွင် ပွဲစားများ၏ ဈေးကစားမှုများကြောင့် ဈေးနှုန်းကျဆင်းခြင်း၊ အမြတ်မရတော့ခြင်း၊ စိုက်ပျိုးစရိတ်လောက်သာ ပြန်လည်ရရှိနေခြင်းတို့ ဖြစ်ပေါ်နေပါသည်။ ထိုအပြင် စိုက်ပျိုးစရိတ်ချေးငွေ မရရှိခြင်းကြောင့် ပွဲစားများ၊ ငွေချေးငှားသူများထံတွင် ကြိုတင်ငွေအရင်းအနှီးရယူ စိုက်ပျိုးရသောကြောင့်လည်း ဈေးနှုန်းမကောင်းသော်လည်း အတိုးတက်မည်စိုးသောကြောင့် ထုတ်ရောင်းနေပါသည်။ သက်သာသောအတိုးနှုန်းနည်း ချေးငွေများရရှိအောင် ဆောင်ရွက်ရန်၊ ဈေးကွက် တည်ငြိမ်မှုရှိအောင် ဆောင်ရွက်ပေးရန်နှင့် ဈေးကွက်သို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်ခြင်းများ ဆောင်ရွက်ပေးပါက အဆင်ပြေလာမည်ဖြစ်သည်။ သီးနှံစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်နေသည့်အတွက် ပိုးသတ်ဆေးသုံးစွဲရာတွင် စနစ်တကျသုံးပြုပုံနှင့် နှိမ်နှင်းနည်းစနစ်များ သင်တန်းပို့ချပေးရန် လိုအပ်မှုများရှိနေပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအား စီးပွားဖြစ်လုပ်ကိုင်သူမရှိပါ။ မွေးမြူရေးလုပ်ကိုင်ရန် နည်းပညာဝန်ဆောင်မှုနှင့် စားကျက်မြေရှားပါးမှုများ အဓိကအခက်အခဲဖြစ်သည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ချိတ်ဆက်မှု အားနည်းသောကြောင့် မွေးမြူရေးကို အဓိကထား၍ မလုပ်ကိုင်ကြပါ။

## (ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် ကျေးရွာသူ၊ ကျေးရွာသားများသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူနည်းသည်။ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်လိုကြသော်လည်း ကျေးရွာအနေဖြင့် မြို့ပြနှင့် အလှမ်းဝေးခြင်း လမ်းပန်းဆက်သွယ်ရေးဝေးကွာခြင်း၊ ကုန်ကြမ်းရရှိမှုမရှိခြင်းနှင့် အရင်းအနှီး မရှိခြင်းတို့ကြောင့် လုပ်ကိုင်လိုကြသော်လည်း အလုပ်အကိုင်အခွင့်အလမ်းမရှိမှုများနှင့် ကြုံတွေ့နေရပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ

ကျေးရွာတွင် ချေးငွေဝန်ဆောင်မှုပေးသောအဖွဲ့အစည်းများ လာရောက်မှုမရှိပါ။ ကျေးရွာသူ၊ ကျေးရွာသားများသည် စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးတို့အတွက် ချေးငွေရရှိမှုအခက်ခဲများနှင့်ကြုံတွေ့ရပါက ကျေးရွာအတွင်းအဆင်ပြေသော အိမ်ထောင်စုများထံမှချေးယူခြင်း၊ ဆွေမျိုးများထံမှ ချေးယူရခြင်းတို့ဖြင့် အခက်အခဲကို ဖြေရှင်းရပါသည်။

## (၄) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာရှိ ရွာလည်လမ်းမှာ ကွန်ကရစ်လမ်း (၂)ဖာလုံဖြစ်ပြီး ကျန်သည့်လမ်းမှာ မြေသားလမ်း နှင့် ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပါသည်။ မြေသားလမ်း ဖြစ်ခြင်းကြောင့် လမ်းချော်ခြင်း ရွံ့ဖွက်ချိုင့်ကွက်များခြင်းတို့ကြောင့် နှစ်စဥ်ပြုပြင်နေရသော်လည်း မိုးရာသီ ရောက်ချိန်တွင် တောင်ကျရေများကြောင့် ပျက်စီးမှုများ ကြုံတွေ့နေရသဖြင့် မြေသားလမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ပေးရန် လိုအပ်လျှက်ရှိပါသည်။ ရွာချင်းဆက်လမ်းမှာ ကျောက်ချောလမ်းများဖြစ်ကြပါသည်။ လမ်းပန်းဆက်သွယ်သွားလာရေးအတွက် ဆိုင်ကယ် (၁၀၅)စီး၊ ထော်လာဂျီ (၇)စီး၊ ကား(၁၃)စီးတို့ကို အသုံးပြုကြပါသည်။

### (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာရှိ အိမ်ထောင်စု(၆၉)စုလုံးသည် ဆိုလာမီးကိုသာ အသုံးပြုကြပါသည်။ ဆိုလာမီးအသုံးပြုသူများသာရှိပြီး နွေနှင့်ဆောင်းရာသီများတွင် အသုံးပြုရအဆင်ပြေသော်လည်း မိုးရာသီတွင် အသုံးပြုခက်ခဲပါသည်။ ဆိုလာမီးသုံးစွဲပုံအဆင့်ဆင့်နှင့် ထိန်းသိမ်းနည်းများသိရှိရန် လိုအပ်နေသေးသည်။ မဟာဓာတ်အား လိုင်းမရောက်ရှိသေးပါ။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာရှိ အိမ်ထောင်စုများမှာ တယ်လီဖုန်းအသုံးပြုကြသော်လည်း ဆက်သွယ်ရေး အလွန်ခက်ခဲပြီး ဆက်သွယ်ရေးကွန်ယက်များ ချိတ်ဆက်မှုအားနည်းသည်။ ကျေးရွာအတွင်း CDMAဖုန်းများဖြင့်သာ ဆက်သွယ်ပြောဆိုရသည်။ သတင်းအချက်အလက်ရောက်ရှိမှု၊ သိရှိမှု အားနည်းနေသည်။ ဆက်သွယ်ရေးလုပ်ငန်းများမှ ဆက်သွယ်ရေး ကွန်ယက်များ လာရောက် ချိတ်ဆက်ပေးရန် လိုအပ်လျှက်ရှိသည်။

### (ဃ) ပညာရေး

ကျေးရွာတွင် ပညာရေးအနေဖြင့် အ.မ.က ဆင်တောင် (အခြေခံပညာမူလတန်းလွန်ကျောင်း) တစ်ကျောင်းရှိပါသည်။ လက်ရှိမူလတန်းပညာသင်ကြားနေသူ(၄၇)ဦးရှိပြီး ပညာရေး ဝန်ထမ်း အင်အား (၁)ဦးရှိ၍ ပညာသင်ကြားရာတွင် ဆရာ၊ ဆရာမဦးရေ လုံလောက်မှုမရှိပါ။ ကျောင်းပရိ ဘောဂအနေဖြင့် စာသင်ခုံများ ဖြည့်ဆည်းပေးရန် လိုအပ်နေသေးသည်။ ကျေးရွာတွင် အများစုမှာ မူလတန်းအဆင့်ထိသာ ကျောင်းတက်ရောက်ကျပြီး အလယ်တန်းနှင့် အထက်တန်းပညာ၊ တက္ကသိုလ်ပညာတက်မြောက်သူ မရှိသောကြောင့် ကျေးရွာအနေဖြင့် ပညာရေးအားနည်းကြောင်း

တွေ့ရပါသည်။ အလယ်တန်းနှင့် အထက်တန်းပညာသင်ကြားရန်အတွက် နီးစပ်ရာမြို့များတွင် သွားရောက်ပညာသင်ကြားလိုသော်လည်း ငွေကြေးအခက်အခဲများရှိပါသည်။

### (c) ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် (၃)မိုင်ခန့်အကွာ ကောင်းဆန်းကျေးရွာရှိ ကျေးလက် ကျန်းမာရေးဌာနခွဲတွင် သွားရောက်ပြသကြပါသည်။ အခြားကျေးရွာသို့ သွားရောက်ပြသရခြင်းကြောင့် အရေးပေါ်အခြေအနေများတွင်လည်းကောင်း၊ မိခင်များကလေးမီးဖွားရာတွင်လည်းကောင်း အခက်အခဲများရှိနေပါသည်။ အရေးပေါ်အခြေအနေများနှင့် တွေ့ကြုံရပါက (၆)မိုင်ခန့်ဝေးသော ပင်လုံမြို့နယ် တိုက်နယ်ဆေးရုံနှင့် (၁၂)မိုင်ခန့်ဝေးသော လွိုင်လင်မြို့နယ်ဆေးရုံသို့ သွားရောက် ရသဖြင့် ကျန်းမာရေးဝန်ဆောင်မှုများနှင့် လက်လှမ်းမမီပါ။

သောက်သုံးရေအတွက် အိမ်ထောင်စု (၂၁)အိမ်သည် ကိုယ်ပိုင်ရေတွင်းကို အသုံးပြုကြပြီး ကျန်အိမ်ထောင်စု(၄၈)အိမ်သည် ကျေးရွာရှိ ရေကန်ကို အသုံးပြုကြပါသည်။ သောက်သုံးရေအတွက် တစ်နှစ်ပတ်လုံးရေလုံလောက်မှု ရှိပါသည်။ တစ်ရွာလုံးယင်လုံအိမ်သာ (ရေလောင်းအိမ်သာ) အသုံးပြုကြပါသည်။ ရေလောင်းအိမ်သာ အသုံးပြုကြသော်လည်း စနစ်တကျအသုံးပြုရန်နှင့် ကျန်းမာရေးအသိပညာများ သိရှိမှုအားနည်းလျှက် ရှိပါသည်။ အဆင်ပြေသော အိမ်ထောင်စုများမှာ အိမ်သာများကို အုတ်ဖြင့်တည်ဆောက်ကြပြီး မတတ်နိုင်သူများက ဝါးအိမ်သာများကို ဆောက်လုပ်ကြပါသည်။

ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးနှင့် အမှိုက်ကင်းစင်ရေးတို့အတွက် ရွာသားများ စုပေါင်းကာ အပင်ရိုင်းများ၊ မြက်ပင်များ၊ အမှိုက်များအား စနစ်တကျစွန့်ပစ်ခြင်း၊ မီးရှို့ခြင်းများ ပြုလုပ်ကြပါသည်။

### (စ) ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် လယ်၊ တောင်ယာ/ယာများ(စပါး၊ ထောပတ်၊ ငရုတ်၊ ပြောင်း၊ ချင်း၊ မုန့်ညင်း၊ ခရမ်းသီး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ပဲအမျိုးမျိုး၊ ) ကိုအများဆုံး စိုက်ပျိုးလုပ်ကိုင်ကြသဖြင့် စိုက်ပျိုးရာတွင်အသုံးပြုသော ပိုးသတ်ဆေးများသည် အရည်အသွေးနိမ့်ခြင်း၊ အတုအပများသုံးစွဲမိခြင်းတို့ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းခြင်းနှင့် သဘာဝမြေဆီမြေလွှာများ အရည်အသွေးကျဆင်းခြင်းများ ခံစားရပါသည်။ သစ်တောသဘာဝအရင်းအမြစ်များ စိမ်းလန်းစိုပြေစေရေးအတွက် သစ်တောမြေအဖြစ် သတ်မှတ်ထိန်းသိမ်းရန်လဲ လိုအပ်နေသေးသည်။ သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု အားနည်းနေပါသည်။

## (ဆ) ကျား/မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အမျိုးသားနှင့်အမျိုးသမီးအတူ ကျေးရွာ၏ သာရေး၊နာရေးနှင့် လူမှုရေး၊ ရိုးရာ ယဉ်ကျေးမှုများတွင် အတူဆောင်ရွက်သော်လည်း အမျိုးသမီးထုမှာ အရှက်အကြောက်ကြီးခြင်း၊ မိမိကိုယ်ကိုယုံကြည်မှုနည်းနေခြင်း၊ ရှေးရိုးအစွဲများကြောင့်အမျိုးသမီးထုမှ ရှေ့ထွက်ရန် အခက်အခဲများရှိခြင်း စသည့်တို့ကြောင့် ရွာ၏လုပ်ငန်းအခန်းကဏ္ဍတွင် အမျိုးသမီးပါဝင်မှု အားနည်းနေပါသည်။ သို့သော် ကျား/ မ ခွဲခြားဆက်ဆံတက်သော အခြေအနေများမရှိပါ။ ကျေးရွာတွင် အမျိုးသမီးထု ယုံကြည်မှုရှိရှိဆောင်ရွက်လာနိုင်အောင် စည်းရုံးလှုံ့ဆော်သွားမည်ဖြစ်ပါသည်။

## (ဇ) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

လူငယ်များအတွက် အားလပ်ချိန်တွင် အပန်းဖြေနိုင်စရာနေရာ သီးသန့်မရှိပါ။ လူငယ် များအတွက် အားလပ်ချိန်တွင် အသိပညာများ ဗဟုသုတများ ရရှိလာအောင် စာကြည့်တိုက်နှင့် စာအုပ်စာပေများ လိုအပ်လျှက်ရှိပါသည်။ လူငယ်များအတွက် ဘာသာရေးပွဲအပြင် အခြားပျော်ပွဲရွှင်ပွဲများ ကျင်းပပေးခြင်းမရှိပါ။ ကျေးရွာရှိလူငယ်များသည် ဘာသာရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု အသင့်အတင့်ရှိပြီး ကျေးရွာ၌ စာကြည့်တိုက်နှင့် လူငယ်ရိပ်သာများ မရှိသဖြင့် ကိုယ်တိုင်အသိပညာရှာ ဖွေလေ့လာမှု အားနည်းကြပါသည်။

## (ဈ) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျှော့ချရေးအတွက် အစီအမံများနှင့် အဖွဲ့များဖွဲ့စည်းထား ခြင်း မရှိသည့်အပြင် ရဲဘက်ဆိုင်ရာမှ အသိပညာပေးဟောပြောပွဲများကဲ့သို့ ဝန်ဆောင်မှုများ မရရှိပါ။ ကျေးရွာသည် တရားဥပဒေစိုးမိုး၍ စည်းလုံးညီညွတ်သော ကျေးရွာဖြစ်သဖြင့် မှုခင်းဖြစ်ပွားမှုများ မရှိပါ။ အရေးပေါ်ပေါ်ပေါက်လာပါက ရဲစခန်းသို့ အလွယ်အတူချိတ်ဆက် ဆောင်ရွက်နိုင်ပါသည်။ ကျေးရွာအတွင်း အမျိုးသမီးများအား အကြမ်းဖက်ခံရမှုများလည်းမရှိပါ။

(ည) **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**

| စဉ် | လုပ်ငန်းအမည် | ဦးစားပေး အဆင့် | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | လျှပ်စစ်မီးသွယ်တန်းခြင်း | ၁ | ✓ | | | | | |
| ၂ | အရင်းအနှီးမတည်ပေးသော မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရေးတင်ပြခြင်း | ၂ | ✓ | □ | | | | |
| ၃ | ကျူယုံး-ဆင်တောင် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း | ၃ | ✓ | | | | | |
| ၄ | အစိုးရခန့် ဆရာ/ဆရာမ(၁)ဦး ရရှိရေး ဆောင်ရွက်ခြင်း | ၄ | ✓ | | | | | |
| ၅ | စာသင်ကျောင်း အုတ်နံရံ ကာရံခြင်းလုပ်ငန်း | ၅ | | ✓ | | | | |
| ၆ | ကျောင်းအိမ်သာ အုတ်ဖြင့် ဆောက်လုပ်ခြင်း (၂)ခန်းတွဲ ၁၀ပေ | ၆ | | ✓ | | | | |
| ၇ | ပင်လုံ-ဆင်တောင်လမ်းအား မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း | ၇ | | ✓ | | | | |
| ၈ | ကျေးရွာတွင်း သစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း | ၈ | | | ✓ | | | |
| ၉ | ပုံစံ(၇)ရရှိရေး ဆောင်ရွက်ခြင်း | ၉ | | ✓ | | | | |
| ၁၀ | ယင်လုံအိမ်သာသုံးစွဲနည်း အသိပညာပေး ဟောပြောခြင်း | ၁၀ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| ၁၁ | အသက်မွေးဝမ်းကျောင်းအထောက်အကူပြု(ဖုန်းပြင်၊ ဆိုင်ကယ်ပြင်၊ တိရစ္ဆာန်ကုသနည်း)သင်တန်းများဖွင့်လှစ်ခြင်း | ၁၁ | | ✓ | | | | |
| ၁၂ | ဆက်သွယ်ရေး တာဝါတိုင် စိုက်ထူခြင်း | ၁၂ | | ✓ | | | | |

## အပိုင်း(ခ)

## စီမံချက်ဆိုင်ရာအချက်အလက်များ

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)**

| |
|---|
| ကျေးရွာ - ဆင်တောင်ကျေးရွာ<br>ကျေးရွာအုပ်စု - ပင်လုံအရှေ့ကျေးရွာအုပ်စု<br>မြို့နယ် - လွိုင်လင်မြို့နယ်<br>တိုင်းဒေသကြီး / ပြည်နယ် - ရှမ်းပြည်နယ်(တောင်ပိုင်း) |
| စီမံချက်အမည် - ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း (၇၀၀' × ၁၂' × ၆") |
| စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ<br>• လက်ရှိ ကျေးရွာတွင်း အသုံးပြုနေသော လမ်းသည် မြေသားလမ်း ဖြစ်ခြင်းကြောင့် မိုးရာသီတွင် ရွှံ့ဗွက်ဖြစ်ပြီး သွားလာရခက်ခဲသည်။<br>• ကျေးရွာတွင်းလမ်းပျက်စီးနေခြင်းကြောင့် ကျေးရွာချင်းဆက်သွယ်ရာတွင် တစ်နှစ်ပတ်လုံး သွားလာရခက်ခဲနေသည်။ |
| စီမံချက်၏ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်)<br>• တစ်နှစ်ပတ်လုံးသွားလာရ အဆင်ပြေစေရန်၊ ကျေးရွာ၏ အခြေခံအဆောက်အအုံဆိုင်ရာ တိုးတက်ကောင်းမွန်လာစေရန်၊ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေရန်။ |
| မျှော်မှန်းအကျိုးရလာဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီး နောက်ထပ်ဆင့်ရရှိလာမည့် အကျိုး ကျေးဇူးများ)<br>• ကျေးရွာတွင်းနေထိုင်သူများလမ်းပန်းဆက်သွယ်ရေးလွယ်ကူလာခြင်း၊ ကုန်စည်ကူးသန်းမှုတိုးတက်ကောင်းမွန်လာမည်။<br>• သွားလာရေးအတွက် အချိန်ကုန်သက်သာလာခြင်းနှင့် ကုန်ကျစရိတ်သက်သာလာမည်။<br>• ပညာရေး၊ကျန်းမာရေးနှင့် လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာခြင်းတို့အတွက် |

| |
|---|
| အထောက်အကူပြုနိုင်သော အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသည်။ |
| စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်)<br>• ကျေးရွာတွင်း မြေသားလမ်းကို ကွန်ကရစ်လမ်း (၇၀၀' × ၁၂' × ၆")သို့ အဆင့်မြှင့်တင်ခြင်းဆောင်ရွက်သွားပါမည်။ |

| ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့်အစီအစဉ် |
| • ၁၅၀၀၀၀၀၀/- (ငွေသား)<br>• ၈၇၀၀၀၀/- (ငွေသား)<br>• (ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၁၇၈ | ၁၇၅ | ၃၅၃ | ၅ | ၅၂ | ၇ | ၅ | ၆၉ |
| အကျိုးခံစားမည့်ဦးရေ | ၁၇၈ | ၁၇၅ | ၃၅၃ | ၅ | ၅၂ | ၇ | ၅ | ၆၉ |
| မှတ်ချက်။ချောင်လည်အဆင့်–၁၊အလယ်အလတ်အဆင့်– ၂၊ဆင်းရဲ– ၃၊အလွန်ဆင်းရဲ– ၄ | | | | | | | | |

စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

| |
|---|
| (၁) တာဝန်ယူအကောင်ထည်ဖော်မည့်အဖွဲ့အစည်း(များ)<br>• ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ<br>• ကျေးရွာလူထု<br>• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| (၂) စီမံချက်စတင်မည့်အချိန်ခန့်မှန်း- ( ၂၄ - ၁ -၂၀၂၄ ) |
| (၃) စီမံချက်ပြီးစီးမည့်အချိန် - ( ၂၂ - ၂ -၂၀၂၄ ) |
| (၄) ကျေးရွာထည့်ဝင်မှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ်<br>• ကျေးရွာရှိမိသားစုဝင် အများစုမှာ ဝင်ငွေနည်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း တို့ကြောင့်လုပ်အားပြည့် ပါဝင်ဆောင်ရွက်သွားမည်။<br>• လုပ်အားခအနေဖြင့် လုပ်သားကြီး (ကျား၊မ) လုပ်သားငယ်စသည်ဖြင့် အဆောက် |

အဦးစတင်ချိန်မှ ပြီးဆုံးသည်အထိ လုပ်အား ထည့်ဝင်ရမည်။

•

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ရပ်မိရပ်ဖများနှင့် ရွာသူရွာသားများ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မီရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ကွန်ကရစ်လမ်းရေရှည်တည်တံ့ရန်အတွက် လမ်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းအား လွှဲပြောင်းပေး၍ ကျေးရွာလမ်းကော်မတီနှင့် ရပ်မိရပ်ဖ၊ ဆယ်အိမ်မှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ဦးဆောင်၍ နှစ်စဉ် ကျေးရွာသူ/သားများတို့ ပူးပေါင်း၍ ပြုပြင်ထိန်းသိမ်း၍ အသုံးပြုသွားမည်ဖြစ်ပါသည်။

နောက်ဆက်တွဲ (၁)

## ပင်လုံအရှေ့ကျေးရွာအုပ်စု၊ ဆင်တောင်ကျေးရွာ၊

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁။ | ဦးစိုင်းပညာဘောဂ | စိုင်းကာက် | ၁၃/မပန(နိုင်)၀၂၄၂၁၃ | ၃၂ | ဥက္ကဌ | ၀၉-၇၇၆၆၇၈၀၂၅ |
| ၂။ | ဦးစိုင်းခေါင်လှ | ဦးအိုက်ကွမ်း | ၁၃/ ပလတ( (နိုင်)၀၁၁၀၄၈ | ၃၄ | အတွင်းရေးမှူး | ၀၉-၇၈၅၅၆၂၀၁၃ |
| ၃။ | ဦးအိန္ဒမြို | ဦးလုံးပတ် | ၁၃/ လလန( (နိုင်)၀၁၂၈၁၂ | ၆၂ | အဖွဲ့ဝင် | - |
| ၄။ | နန်းလှကြည် | ဦးလုံးဝဏ္ဏ | ၁၃/ လလန( (နိုင်)၀၈၁၃၁၇ | ၃၄ | အဖွဲ့ဝင် | ၀၉-၇၉၄၈၈၉၀၂၉ |
| ၅။ | နန်းခင်ဦး | ဦးကျော်အုံး | ၁၃/ လလန( (နိုင်)၀၅၆၂၀၈ | ၄၀ | အဖွဲ့ဝင် | ၀၉-၉၆၂၄၀၁၅၅၀ |
| ၆။ | ခွန်တသောင်း | ဦးဆောဏ္ဏ | ၁၃/ ပလန( (နိုင်)၀၅၃၈၂၈ | ၃၉ | ဘဏ္ဍာရေးမှူး | ၀၉-၇၈၇၉၆၅၈၇၃ |
| ၇။ | မောင်သိန်းတန် | ဦးဖြူ | ၁၃/ ရငန( (နိုင်)၀၄၄၄၁၅ | ၄၁ | စာရင်းကိုင် | ၀၉-၇၆၈၈၁၇၉၃၀ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူအရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | | ၃ | - | - |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၆ | ၃ | ၉ | - | - |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၈ | ၁၅ | ၃၃ | - | - |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၄ | ၁၉ | ၄၃ | - | - |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၂၂ | ၁၃၀ | ၂၅၃ | ၃ | ၂ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၄ | ၇ | ၁၁ | - | - |
| စုစုပေါင်း | | ၁၇၈ | ၁၇၅ | ၃၅၃ | ၃ | ၂ |
| စုစုပေါင်း အိမ်ထောင်စု | | ၆၉ | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ ဆင်တောင်ကျေးရွာရှိ လူဦးရေများအနက်မှ အလုပ်လုပ်နိုင်သည့် လူဦးရေ(၂၅၃)ဦးရှိ၍ မသန်စွမ်းသူ (၅)ဦး၊ အသက်(၁၄)နှစ်အောက်(၈၈)ဦးရှိပြီး သက်ကြီးရွယ်အို(၁၁)ဦးရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများသောကြောင့် ကျေးရွာတွင်လိုအပ်သော ကိစ္စအဝဝကို ပူးပေါင်းဆောင်ရွက်မှု အားကောင်းသည်ကို တွေ့ရှိရပါသည်။

(ခ)  အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅၈ | ၂၂၉ | ၁၇ | ၃၅ | ၃၆ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၁ | ၂၈ | ၄ | ၅ | ၇ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာ<u>တစ်ခု</u> <u>ကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | | | | | | ၇၇ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၆၉ | ၂၅၇ | ၂၁ | ၄၀ | ၄၃ | ၇၇ | ☒ |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ဆင်တောင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းပြုကြပြီး အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူအိမ်ထောင်စု(၃)စုသာ ရှိပါသည်။ လုပ်သားအင်အား အသင့်အတင့် ရရှိနိုင်ပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၃၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း | နေ့စား | - | - | - | - |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၂၀၀၀၀ | - | ၂၀၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | ၁၀၀၀၀ | - | ၆၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။** ။ ဆင်တောင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအဓိကလုပ်ကိုင်ကြသဖြင့် အလုပ်သမား လုပ်အားခများအနေဖြင့် အမျိုးသား/သမီးတန်းတူရရှိကြောင်း တွေ့ရှိရသဖြင့် ကျား-မ လုပ်အားခကွာဟမှု မရှိပါ။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၆၉ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | ၅၈၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ**(ကျွန်းမျော) | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | ၆၅၄ | ☒ |

**ရင်းမြစ်** ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ဆင်တောင်ကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းသာအဓိကလုပ်ကိုင်ကြသဖြင့် အခြားအဓိကဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူများမရှိသည့်အပြင် စိုက်ပျိုးမြေများလည်း အတင့်တင့်ရှိပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ကျောက်၊သဲ၊ကျောက်စရစ်စသည်များ** | များ ☐ သင့်☑ နည်း ☐မရှိ ☐ | လွယ် ☑ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐အပြောင်းအလဲမရှိ ☐ |
| **သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်☐ နည်း ☑မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ☑မရှိ ☐ | ⊠ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ရေ - မြေပေါ်ရေ (အင်းအိုင်၊ကန်၊ချောင်းမြစ်၊စိမ့်စမ်း)** | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သစ်တော - အပူပိုင်း** | များ ☐ သင့်☐ နည်း ☐ | လွယ် ☐ ခက်☐ | လျော့ ☐ တိုး ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သစ်တော | မရှိ ☑ | အသုံးမပြုနိုင်ပါ ☐ | အပြောင်းအလဲမရှိ ☐ |
| သစ်တော - ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ်** … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာသည် **တောင်ပေါ်**တွင် တည်ရှိသော ကျေးရွာဖြစ်သဖြင့် အခြားကျောက်၊သဲများ အသင့်အတင့်တွေ့ရှိနိုင်ပြီး အသုံးချရန်လွယ်ကူသော်လည်း သောက်သုံးရန်အတွက် မြေအောက်ရေများ အနည်းငယ်သာတွေ့ရှိရ၍ အသုံးချရန် ခက်ခဲပါသည်။ အခြားဓါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ ရှာဖွေတွေ့ရှိခြင်း မရှိပါ။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
